FNI

# ကျန်းမာရေးအာမခံ

ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း ဆေးရုံတက်၍ကုသမှုခံယူခြင်း၊ ခွဲစိတ်ကုသရခြင်း၊ သေဆုံးခြင်းနှင့် ဆေးရုံဆေးခန်းပြသရခြင်း များအတွက် အကျိုးခံစားခွင့်ပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစား ဖြစ်ပါသည်။

အာမခံထားနိုင်သူ - အသက်(၆)နှစ်မှ (၇၅)နှစ်အတွင်းရှိသူများ။ (တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ထားရှိနိုင်ပါသည်။)

အာမခံသက်တမ်း - (၁) နှစ်။

ပရီမီယံနှုန်း - ကျန်းမာရေးအာမခံတွင် အခြေခံအာမခံအကာအကွယ်နှင့် ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ်များဟူ၍ ပါရှိရာ အသက်အရွယ်၊ ဝယ်ယူသည့်အကာအကွယ်အမျိုးအစားနှင့် ဝယ်ယူသည့်ယူနစ် အပေါ်မူတည်၍ ကောက်ခံပါသည်။

**ကျန်းမာရေးအာမခံအကာအကွယ်များနှင့် ဝယ်ယူနိုင်သည့်ယူနစ်များ**

| စဉ် | အာမခံအကာအကွယ် | ဝယ်ယူနိုင်သည့်ယူနစ် |
|---|---|---|
| ၁ | အခြေခံအာမခံအကာအကွယ် | အခြေခံယူနစ် (၁) ယူနစ် မှ (၂၅) ယူနစ်အထိ။ |
| ၂ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၁) | (၁) ယူနစ်မှ( ၂၅ ) ယူနစ် အထိ။ |
| ၃ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၂) | (၁) ယူနစ်မှ( ၂၅ ) ယူနစ် အထိ။ |

**ကျန်းမာရေးအာမခံအကျိုးခံစားခွင့်ရရှိနိုင်မှုအခြေအနေများ**

| စဉ် | အာမခံအကာအကွယ် | အာမခံအကျိုးခံစားခွင့် | အကျိုးခံစားခွင့်ငွေ |
|---|---|---|---|
| ၁။ | အခြေခံအာမခံအကာအကွယ် တစ်ယူနစ် | ရောဂါကြောင့်ဆေးရုံတက်ကုသခြင်း။ မတော်တဆမှုကြောင့်ဆေးရုံတက်ကုသခြင်း | ဆေးရုံတက်ရက်(၁)ရက်အတွက် ကျပ်(၁၀,၀၀၀) နှင့် တစ်နှစ် အတွက်အများဆုံးရက်ပေါင်း (၆၀) အထိ |
| | | သေဆုံးခြင်း။ | ကျပ် ၁,၀၀၀,၀၀၀ |
| ၂။ | ရွေးချယ်နိုင်သည့်အာမခံ အကာအကွယ် (၁) တစ်ယူနစ် | ခွဲစိတ်ကုသခြင်း ။ | ခွဲစိတ်ကုသမှုအတွက်အမှန်တကယ်တိုက်ရိုက်ကုန်ကျစရိတ်။ (ကျပ် ၅ သိန်းအထိ) |
| | | ကိုယ်ဝန်ပျက်ကျခြင်း။ | ဝယ်ယူထားသည့် ယူနစ် နှင့် မဆိုင်ပဲကျပ် (၃) သိန်း။ |
| | | | ကိုယ်ဝန်ပျက်ကျခြင်းနှင့်ခွဲစိတ်ကုသခြင်းတပြိုင်တည်း ဖြစ်ပေါ်ပါက (၂)ခုပေါင်းအတွက် ကျပ်(၅)သိန်း x အာမခံထား သည့် ယူနစ်ပေါင်းကို စုစုပေါင်း အများဆုံး ပေးချေနိုင်သည့် ပမာဏအဖြစ် သတ်မှတ်သည်။ |
| ၃။ | ရွေးချယ်နိုင်သည့် အာမခံ အကာအကွယ် (၂) - တစ်ယူနစ် | ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံ / ဆေးခန်း ပြသခြင်း။ | ဆေးရုံ/ဆေးခန်း(၁)ကြိမ်ပြလျှင် ၂,၅၀၀ ကျပ်။ သို့သော် ၁၀,၀၀၀ ကျပ် x အာမခံထားသည့် ယူနစ်ပေါင်းကို စုစုပေါင်း အများဆုံးပေးချေနိုင်သည့် ပမာဏ အဖြစ်သတ်မှတ်သည်။ |


**ရုံးချုပ်**
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

အခြေခံအကာအကွယ်ကို သီးခြားဝယ်ယူနိုင်ပြီး ရွေးချယ်နိုင်သည့်အကာအကွယ်များကို သီးခြားဝယ်ယူ၍မရနိုင်ပါ။ ရွေးချယ်နိုင်သည့် အကာအကွယ်ကို မိမိဝယ်ယူထားသော အခြေခံအကာအကွယ်ယူနစ်အထိသာဝယ်နိုင်ပါသည်။

**ကျန်းမာရေးအာမခံအကျိုးခံစားခွင့်အကျုံးမဝင်သည့်အချက်များ**

အောက်ဖော်ပြပါကိစ္စရပ်တခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ဒဏ်ရာရခြင်း၊ ရောဂါရရှိခြင်း၊ ဆေးရုံတက်ရောက်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ သေဆုံးခြင်း၊ ဆေးရုံ/ဆေးခန်းပြသခြင်းတို့အတွက် အကျိုးခံစားခွင့်အကျုံးဝင်မည်မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း၊ဆေးကုသရန် ဆရာဝန်၏ထောက်ခံချက်ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသားဖြစ်နေခြင်း။

(၂) သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု။သို့သော်အာမခံထားပြီးနောက်ကိုယ်ဝန်နှင့် အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့်တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါနှင့် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါ) စသည်တို့ကြောင့်ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင်ရွေးချယ်နိုင်သည့် ကျန်းမာရေးအာမခံအကာအကွယ်(၁) ကိုဝယ်ယူထားပါက အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။

(၃) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း။

(၄) ကျန်းမာရေးဆေးစစ်ရန် ဆေးရုံတက်ရခြင်း၊ အနားယူအားမွေးရန် ဆေးရုံတက်ရခြင်း။

(၅) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း။

(၆) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောသွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း။

(၇) မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောမျက်မှန်အပါအဝင်၊ မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင်ပြုပြင်ရန်ဖြစ်ခြင်း။

(၈) အလှအပအတွက်ဖြစ်ခြင်း။

(၉) နားကြားကိရိယာတပ်ဆင်ရန်အတွက် ဖြစ်ခြင်း။

(၁၀) ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း။

(၁၁) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(၁၂) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း။

(၁၃) AIDS/HIV ဖြစ်ခြင်း။

(၁၄) အကြမ်းဖက်ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း။

(၁၅) ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် (၃)ရက်နှင့်အောက်ဖြစ်သောဆေးကုသမှုများ။

(၁၆) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ။

(၁၇) မိမိကိုယ်ကိုသတ်သေခြင်း (သို့) မိမိကိုယ်ကိုဒဏ်ရာအနာတရဖြစ်အောင်ပြုလုပ်ခြင်း။

**အာမခံထားရှိလိုပါက**

အာမခံထားရှိလိုပါက FNI (General) ရုံးချုပ်၊ ရုံးခွဲများသို့လည်းကောင်း၊ FNI (General) နှင့်ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော အာမခံကိုယ်စားလှယ်များ သို့လည်းကောင်းဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ ကျန်းမာရေးအာမခံ အချက်အလက်များကို
အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင်
အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**ရုံးချုပ်**
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။